## သင်ခန်းစာ (၇)
## လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ကာကွယ်မှု

**ရည်ရွယ်ချက်။** ။ – လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံအမျိုးမျိုးကို သိရှိနားလည်လာစေရန်၊
– ချိုးဖောက်မှုများ လျော့နည်းသွားလာအောင် လုပ်ဆောင်နိုင်မည့်နည်းလမ်းများကို ရှာဖွေတတ်လာစေရန်။

## **Activity** (လှုပ်ရှားမှု)

(၁) သင်တန်းသား တယောက်ချင်းစီကို ရောင်စုံဘောပင်တချောင်းနှင့် စာရွက်တရွက်စီဝေပေးပါ။
(၂) စာရွက်တွင် အောက်ပါအတိုင်း အသက်အလိုက်ကာလများကို ဇယားကွက်ဆွဲစေ၍ ထိုအသက်ဇယားကွက်၏ အပေါ်တွင် မိမိရရှိခံစားခဲ့သော လူ့အခွင့်အရေးအမျိုးအစားများနှင့် အောက်တွင် မိမိချိုးဖောက်ခံခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံအမျိုးအစားများကို သရုပ်ဖော်ရေးသားခိုင်းစေပါ။ သင်္ကေတများကို သုံးခိုင်းနိုင်သည်။
(၃) ထိုရေးသားထားသောအချက်များကို တဦးချင်း ပြန်လည်ရှင်းပြခိုင်းပါ။ ထိုအခွင့်အရေးများကို ချိုးဖောက်သူ၊ ကာကွယ်ပေးသူများကို ဖော်ထုတ်ပါ။

| | | | | |
|---|---|---|---|---|
| ခံစားရသော အခွင့်အရေးများ | | | | |
| ၁–၁၀ နှစ် | ၁၁–၂၀ နှစ် | ၂၁–၃၀ နှစ် | ၃၁–၄၀ နှစ် | |
| ချိုးဖောက်ခံရသော အခွင့်အရေးများ | | | | |

## **Discussion** (အပြန်အလှန်ဆွေးနွေးစေခြင်း)

တဦးချင်းရှင်းပြချက်များနားထောင်၍ သင်တန်းပို့ချသူက ချိုးဖောက်သူ၊ ကာကွယ်ပေးသူများစာရင်းကို အောက်ပါဇယားကွက်တွင် ဖြည့်စွက်ရေးသားပါ။ ထိုသူများကို အစိုးရနှင့် အစိုးရမဟုတ်သောသူများခွဲခြား၍ ရေးသားပါ။

| | | |
|---|---|---|
| ချိုးဖောက်သူများ | အစိုးရ | အစိုးရမဟုတ်သူများ |
| ကာကွယ်ပေးသူများ | အစိုးရ | အစိုးရမဟုတ်သူများ |

– သင်ပုန်းတွင် ရေးသားထားသောအချက်များကို သင်တန်းသားများအားလေ့လာစေပြီး ဘာထူးခြားချက်များမြင်ကြောင်း မေးခွန်းထုတ်ပါ။

- ❖ ဘယ်အခွင့်အရေးများကို အများဆုံးချိုးဖောက်ခံရပါသလဲ။
- ❖ ဘယ်အခွင့်အရေးများကို အများဆုံး ကာကွယ်ပေးခံရပါသလဲ။
- ❖ ဘယ်သူတွေက အများဆုံးချိုးဖောက်လေ့၊ ကာကွယ်ပေးလေ့ရှိပါသလဲ။

## Input (အကြောင်းအရာနှင့် ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

လူ့အခွင့်အရေးကို အစိုးရနှင့် အစိုးရလက်အောက်ခံအမှုထမ်း (စစ်တပ်၊ ရဲ၊ လဝက) အာဏာပိုင်များ ချိုးဖောက်ပါက လူ့အခွင့်အရေးချိုးဖောက်မှု (Human Rights Violation)ဟုခေါ်ပြီး၊ အစိုးရမဟုတ်သော အရပ်သားများ အချင်းချင်းချိုးဖောက်ပါက (Human Rights Abuse) ဟုခေါ်သည်။ အစိုးရကချိုးဖောက်သောအခွင့်အရေး ချိုးဖောက်မှုများကို ထင်ရှားစွာမြင်သာသော်လည်း အစိုးရမဟုတ်သောသူများကချိုးဖောက်သောအရာများကိုမူ ထင်ရှားလွယ်ကူစွာမမြင်ရနိုင်ပါ။ ထိုအရာများသည် ထုံးထမ်းစဉ်လာများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးကျင့်ဝတ်စောင့်ထိမ်းစရာများအဖြစ် တည်ရှိနေလျက်ရှိသည်။ ဥပမာ– အမျိုးသမီးများ တက္ကသိုလ်မတက်ရဟု အစိုးရက အမိန့်ထုတ်ထားခြင်းကို အမျိုးသမီးအခွင့်အရေးချိုးဖောက်မှုအဖြစ် မြင်သာသော်လည်း အချို့ယုံကြည်လက်ခံထားသော အမျိုးသမီးများ ပညာတတ်ဖြစ်စရာမလိုဟူသော ယုံကြည်မှုကို အမျိုးသမီးများအပေါ် အခွင့်အရေးချိုးဖောက်မှုဟု မမြင်နိုင်သာဘဲ ယဉ်ကျေးအစဉ်အလာပုံစံမျိုးဖြင့် နှစ်ပေါင်းများစွာ တည်ရှိနေတတ်သည်။ ထို့ပြင် အစိုးရများကို State-actors ဟုခေါ်ပြီး အစိုးရမဟုတ် သော်လည်း အစိုးရကို အာဏာဖြုတ်ချရန် ဖွဲ့ထားသော အဖွဲ့ (အစိုးရမဟုတ် လူထုလည်းမဟုတ်) ကို Non-state Actors ဟုခေါ်သည်။ ၎င်း(Non-state Actor)တို့၏ ချိုးဖောက်မှုကိုလည်း အစိုးရကဲ့သို့ပင် လူ့အခွင့်အရေး ချိုးဖောက်မှု (Human Rights Violation) ဟုခေါ်သည်။

နိုင်ငံများ၏ လူ့အခွင့်အရေးလေးစားလိုက်နာမှုကို အဆင့် (၃) ဆင့်ဖြင့် တိုင်းတာလေ့ရှိသည်။ ထိုအဆင့်များမှာ–

**ပထမအဆင့်**

(၁) နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များအများစုကို လက်မှတ်ရေးထိုးထားပြီး ထိုနိုင်ငံ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထိုလူ့အခွင့်အရေး စံချိန်စံညွှန်းများ ပါဝင်အသက်ဝင်လျက်ရှိခြင်း၊

(၂) လူမှုပတ်ဝန်းကျင်အတွင်းတွင် ပါဝင်သောလူတိုင်းအတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးပေးသည့် နိုင်ငံတော်ဥပဒေများပြဋ္ဌာန်းထားခြင်း၊ (ခွဲခြားဖိနှိပ်မှုများကို ကာကွယ်တားမြစ်သည့် ဥပဒေ များ)

(၃) လွတ်လပ်သည့် လူ့အခွင့်အရေး စောင့်ကြပ်ရေးလုပ်ငန်းများ တည်ရှိနေခြင်း၊

(၄) လူ့အခွင့်အရေးကာကွယ်ရေးနှင့် တိုးတက်မြင့်မားရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိခြင်း၊

(၅) စာသင်ကျောင်းများတွင် လူ့အခွင့်အရေး ပညာပေးလုပ်ငန်းကို အဓိကဘာသာရပ်အဖြစ် သတ်မှတ်သင် ကြားလုပ်ဆောင်လျက်ရှိခြင်း။

**ဒုတိယအဆင့်**

(၁) နိုင်ငံတကာလူ့အခွင့်အရေး စာချုပ်များကို ရွေးချယ်လက်မှတ် ရေးထိုးထားပြီး အတော်များများတွင် ခြွင်းချက်ထား လက်မှတ်ရေးထိုးထားခြင်း၊

(၂) လူ့အခွင့်အရေး ကာကွယ်ပေးသည့် အချက်များ နိုင်ငံတော်ဥပဒေများထဲတွင် မရှိခြင်း၊

(၃) လူ့အခွင့်အရေး ပညာပေးမှုများကို အနည်းငယ် (သို့မဟုတ်) လုပ်ဆောင်မှုမရှိခြင်း၊

(၄) ပြည်သူလူထုက လူ့အခွင့်အရေးကိစ္စများကို အလေးမထား ဂရုမစိုက်ခြင်း၊

(၅) လူ့အခွင့်အရေး လှုပ်ရှားမှုများကို အားပေးအားမြှောက်မပြုဘဲ လူ့အခွင့်အရေးတောင်းဆိုမှုများကို ပြည်သူလူထုအကြား ကောင်းကျိုးမပေးသော အသွင်မျိုးဖြစ်လာစေရန် လုပ်ဆောင်လျက်ရှိခြင်း၊

**တတိယအဆင့်**

(၁) လူ့အခွင့်အရေးလှုပ်ရှားမှုများကို တားမြစ်သည့် နိုင်ငံတော်ဥပဒေများ စနစ်တကျပြဋ္ဌာန်းထားခြင်း၊

(၂) လူ့အခွင့်အရေးလှုပ်ရှားမှုများကို ဖိနှိပ်အပြစ်ပေး အရေးယူခြင်း၊

(၃) နိုင်ငံတကာ စောင့်ကြည့်အရေးဆိုမှုများကို "ပြည်တွင်းရေးရာကို ဝင်ရောက်စွက်ဖက်မှု"ဟုဆိုကာ လိုက်နာ ရန်ငြင်းဆိုလျက်ရှိခြင်း၊

(၄) လူ့အခွင့်အရေး လှုပ်ရှားတောင်းဆိုမှုများကို အစိုးရ၏ သတင်းဌာနများ၊ သင်ရိုးညွှန်းတမ်းများကတဆင့် လူထုအမြင်မှားစေရန် ဝါဒဖြန့် တိုက်ခိုက်လျက်ရှိခြင်း၊

## **Deepening** (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့် နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

**စောထူး၏ဇာတ်လမ်း**

အသက် (၁၃) နှစ်ရှိပြီဖြစ်တဲ့ စောထူးဟာ ကရင်လူမျိုးဖြစ်ပြီး ကျေးရွာတရွာတွင် နေထိုင်ခဲ့သူဖြစ်ပါတယ်။ သူနေထိုင်တဲ့ရွာဟာ ကရင်တော်လှန်ရေးသမားများရှိသောနေရာနဲ့နီးစပ်တဲ့အတွက် နအဖစစ်တပ်တွေ စစ်ကြောင်းလှည့်တာကို မကြာခဏကြုံတွေ့ရပါတယ်။ စစ်ကြောင်းတွေရွာထဲဝင်လာတိုင်း ကျေးရွာသားတွေ ပိုင်တဲ့ပစ္စည်းတွေကို အတင်းအကြပ်လုယူ၊ လူတွေကိုရိုက်နှက်၊ တော်လှန်ရေးသမားတွေနဲ့ဆက်သွယ်တယ်ဆိုပြီး ဖမ်းဆီးတာလဲ ခဏခဏပါဘဲ၊

ပြီးခဲ့တဲ့နှစ်မှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကတော့ စောထူးအတွက် အဆိုးဆုံးအဖြစ်အပျက်ဘဲလို့ ပြောလို့ရပါတယ်။ သူတို့ရွာအပါအဝင် အနီးအနားက ရွာပေါင်း (၁၄) ရွာကို နအဖတပ်တွေက ကရင်တော်လှန်ရေးအဖွဲ့တွေနဲ့ ဆက်သွယ်တယ်ဆိုပြီး တပ်ရင်းနားက မြို့ကိုပြောင်းရွှေ့ခိုင်းပါတယ်။ (၃) ရက်အတွင်းအပြီးပြောင်းပြီး တကယ်လို့ မပြောင်းရင် တရွာလုံးမီးရှို့ပစ်မယ်လို့ခြိမ်းခြောက်ပါတယ်။ (၃) ရက်မြောက်တဲ့နေ့မှာတော့ စစ်ကြောင်း ရွာထဲ ဝင်လာပြီး ကျန်နေသေးတဲ့ရွာသားတွေကို အားလုံးစုထားပါတယ်။ စောထူးတို့မိသားစုကတော့ တောထဲကို ဝင်ပြေးလို့လွတ်သွားပေမဲ့ သူတို့အကိုမိသားစုကတော့ စစ်တပ်ကဖမ်းခံထိသွားပါတယ်။ နောက်တနေ့ စစ်တပ် တွေပြန်ထွက်သွားအပြီးရွာထည်းကို ပြန်ဝင်တော့ သေနေတဲ့ သူတို့အကိုမိသားစုအပါအဝင် အခြားရွာသားတွေ၊ မီးရှို့ဖျက်ဆီးခံထားရတဲ့အိမ်တွေဘဲ တွေ့ရပါတယ်။ ကျန်တဲ့ရွာသားတွေလည်း နေရာအနှံ့ထွက်ပြေးကုန်ကြပြီး စောထူးတို့မိသားစုကတော့ ရွာအနီးအနားမှာဘဲ ပုန်းအောင်နေထိုင်ခဲ့ပါတယ်။ သူတို့အနီးအနားစစ်သားတွေ ဖြတ်သွားရင် ထွက်ပြေး၊ ထွက်ပြေးလို့မလွတ်တဲ့ ရွာသားအချို့ကတော့ စစ်တပ်က ပေါ်တာဖမ်းပြီး သတ်ပစ်လေ့ ရှိပါတယ်။ စောထူးတို့မောင်နှမတွေအပါအဝင် တောထဲပုန်းအောင်းနေတဲ့ကလေးတွေမှာ ကျန်းမာရေးအတွက် ဆေးဝါးနဲ့ ပညာရေးအတွက် ကျောင်းတွေမရှိပါဘူး။ သူတို့ရဲ့ ကရင်ရိုးရာပွဲတော်တွေ၊ ဘာသာရေးပွဲတော်တွေ ဆိုတာ ဝေးမှဝေးပေါ့။

ပြီးခဲ့တဲ့နှစ်ကဘဲ စောထူးဟာ ကရင်စစ်တပ်ထဲဝင်ခဲ့ပါတယ်။ ကရင်တပ်မတော်က သူ့ကို ရှေ့တန်းတော့မထွက် ခိုင်းပါဘူး။ ဒါပေမဲ့ ရန်သူ့သတင်းထောက်လှမ်းတာမျိုးတွေ၊ မိုင်းထောင်ခိုင်းတာမျိုးလုပ်ခိုင်းပါတယ်။ စောထူး အနေနဲ့ သူထောင်ထားတဲ့မိုင်းထိမိလို့ ထိခိုက်သွားတဲ့ နအဖစစ်သားတွေကို တွေ့ရင် အရမ်းကျေနပ်မိပါတယ်။ ဒါပေမဲ့ သူရောဒီလိုမျိုးမိုင်းနင်းမိရင် ဘယ်လိုဖြစ်မလဲ ဆိုတဲ့ကြောက်စိတ်နဲ့ အိပ်မက်ဆိုးတွေ ခဏခဏ မက်လေ့ရှိပါတယ်။

**ဝါဝါ၏ ဇာတ်လမ်း**

အသက် (၁၁) နှစ်ရှိတဲ့ ဝါဝါဟာ မြန်မာအမျိုးသမီးငယ်လေးတယောက်ဖြစ်ပြီး ပဲခူးမြို့မှာ မူလတန်းအထိ ကျောင်းသင်ကြားခဲ့ဘူးပါတယ်။ သူ့ရဲ့ဖခင်ဟာ ပြင်ပစက်ရုံတခုမှာ စက်မောင်းသမားအဖြစ်အလုပ်လုပ်ခဲ့ရင်း

အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရလို့ ခြေထောက်တဖက်ပြတ်ခဲ့ရပါတယ်။ သူ့အဖေလုပ်တဲ့စက်ရုံမှာ လုံခြုံရေးအတွက် သေသေချာချာပြင်ဆင်ထားတာမရှိလို့အခုလိုဖြစ်ရတာပါ။ ခြေထောက်ပြတ်သွားတဲ့အတွက် ဆေးရုံပို့ပေးတာကလွဲလို့ အခြားဘာမှကူညီပေးမှုမရှိပါဘူး။ ဆေးရုံခကိုလဲ ကိုယ့်ဖာသာကိုယ်ကုသရပါတယ်။ ဆေးရုံကဆင်းတော့လဲ ဘာနစ်နာကြေးမှမပေးဘဲ အလုပ်ကထုတ်ပစ်လိုက်ပါတယ်။ ဒါကိုအရေးယူဖို့ တိုင်ကြားဖို့ အလုပ်သမားအစည်းအရုံးတွေလည်း မရှိပါဘူး။

ဒါကြောင့် ဝါဝါဟာကျောင်းကထွက်လိုက်ရပြီး ရပ်ကွက်နားက အထည်ချုပ်စက်ရုံမှာ ဝင်လုပ်ရပါတယ်။ အသက်ငယ်တဲ့အတွက် သူ့ကို လုပ်ခလျော့ပေးပါတယ်။ သူလုပ်ရတဲ့အလုပ်ခန်းဟာ အလင်းရောင်လဲနည်း၊ လေဝင်လေထွက်လဲမရှိတဲ့အတွက် ဝါဝါတို့လို ကလေးတွေဟာ ခဏခဏနေမကောင်းဖြစ်ကြပါတယ်။ နေမကောင်းလဲ အနားယူခွင့်မရှိဘဲ နားရင်အလုပ်ထုတ်မယ်ဆိုလို့ မနားရဲဘဲ အလုပ်လုပ်ရပါတယ်။


ပြီးခဲ့တဲ့ သုံးလမှာတော့ ဝါဝါတို့စက်ရုံက အသက် ၁၁ နှစ်နဲ့ ၁၅ နှစ်အရွယ် ဝါဝါအပါအဝင် ကောင်မလေး (၆)ယောက်ကို စက်ရုံပိုင်ရှင်ရဲ့ သူငယ်ချင်းက ထိုင်းဖက်မှာအလုပ်လုပ်ဖို့ ပြောပါတယ်။ ထိုင်းမှာဆို အလုပ်ကောင်းကောင်းရပြီး လခလဲကောင်းတယ်လို့ပြောပါတယ်။ လုပ်ရမယ့်အလုပ်က အထည်စက်ရုံမှာလို့ပြောပါတယ်။ ဒါကိုအားကျပြီး ဝါဝါတို့ (၆)ယောက် ထိုင်းဖက်ကိုလိုက်လာခဲ့ပါတယ်။ လမ်းမှာ ရဲနဲ့စစ်တပ်က မှတ်ပုံတင်တောင်းပေမဲ့ ပါလာတဲ့သူက ငွေထုတ်ပေးလို့ အဆင်ပြေပါတယ်၊ နယ်စပ် ရောက်တော့လဲ ထိုင်းရဲတယောက်ကို ငွေပေးလိုက်တဲ့အတွက် သူက မဲဆောက်မြို့ကို သူကိုယ်တိုင် လိုက်ပို့ပေးပါတယ်။

မဲဆောက်ရောက်တော့ ဆိုင်တဆိုင်ကိုခေါ်သွားပါတယ်။ လိုက်ပို့တဲ့အဒေါ်ကြီးက ခဏစောင့်ဆိုပြီးအခန်းထည်းမှာ သူတို့ကို ထားသွားပါတယ်။ သူ့ကို နောက်ထပ်မတွေ့ရတော့ပါဘူး။ နောက်တနေ့ရောက်တော့ ဆိုင်ရှင်ထိုင်းအမျိုးသမီးက အဝတ်အစားသစ်တွေပေးပြီး တယောက်တခန်းခွဲထားပါတယ်။ ဝါဝါအခန်းထဲနေတုန်း ထိုင်းလူကြီးတယောက်ဝင်လာပြီး ဝါဝါကို စော်ကားပါတယ်။ ဒီတော့မှသိလိုက်ရတာ ခေါ်ခလာတဲ့အဒေါ်ကြီးက ဝါဝါတို့အားလုံးကို ရောင်းစားသွားပြီးဆိုတာပါဘဲ၊ ဆိုင်ရှင်က ဝါဝါတို့ကို တယောက် နှစ်သောင်းနဲ့ဝယ်လိုက်တာဖြစ်တဲ့အကြောင်း၊ လာသမျှဧည့်သည်တွေကို ငွေကျေတဲ့အထိ ဆက်ဆံပေးရမှာဖြစ်တဲ့အကြောင်း ပြောပါတယ်။ ထွက်ပြေးဖို့လုပ်ရင် သတ်ပစ်မယ်လို့ခြိမ်းခြောက်ပါတယ်။ အငယ်ဆုံးဖြစ်တဲ့ဝါဝါကို့ဆိုရင် ဧည့်သည်တွေကို ကောင်းကောင်းမဆက်ဆံလို့ဆိုပြီး ခဏခဏရိုက်ပါတယ်။ တခါတလေထမင်းမကျွေးဘဲ ထားပါတယ်။ အပြင်ထွက်ခွင့်မပေးဘဲ အခန်းထဲမှာအမြဲထည့်ထားပါတယ်။

- ❖ စောထူးနှင့် ဝါဝါတို့၏အကြောင်းသင်ခန်းစာ (Case study) ကို သင်တန်းသားများအား ပေးဖတ်ပါ။ ပါဝင်သော ချိုးဖောက်မှုများ၊ ချိုးဖောက်သူများကို ဖော်ထုတ်ခိုင်းပါ။
- ❖ ထို့နောက် လူ့အခွင့်အရေးချိုးဖောက်ခံရသည့်အတွက် ဘယ်လိုအကျိုးဆက်များ ဖြစ်လာနိုင်မလဲဟူသော မေးခွန်းမေးပါ။

**Synthesis (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)**

လူ့အခွင့်အရေး ချိုးဖောက်မှု လျော့နည်းလာအောင် ဘာတွေလုပ်သင့်သလဲဟူသော မေးခွန်းများမေး၍ ဖြေကြားလာသောအဖြေများကို လူ့အခွင့်အရေးလုပ်ငန်းစဉ်အပိုင်း (၃) ပိုင်းတွင် နေရာတကျပြန်စီပေးပါ။




လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျော့နည်းသွားအောင် လုပ်ဆောင်ရာ၌ လက်တွေ့တွင် ပညာပေးရုံ သက်သက်ဖြင့် မလုပ်ဆောင်နိုင်သည်ကို တွေ့ရသည်။ ချိုးဖောက်မှုများ လျော့နည်းလာအောင် အရေးယူမှုများဖြင့် ဆောင်ရွက်သွားနိုင်ရန် လှုံ့ဆော်နိုင်ရမည်ဖြစ်သည်။ ထိုချိုးဖောက်မှုများကို ဖော်ထုတ်ရန်မှာလည်း လိုအပ်သကဲ့သို့ အမှန်တရားအတွက် သတင်းအချက်အလက်များ စုဆောင်းရန်မှာလည်း လိုအပ်ပါသည်။ သို့မှသာ မသိသေးသော သူများကို အသိပေးနိုင်ခြင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှပါ သိရှိလာပြီး ထိုကဲ့သို့ လှုံ့ဆော်မှုများမှတဆင့် အရေးယူမှုများကို ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

ပညာပေးမှု (Education)၊ အချက်အလက်စုဆောင်းခြင်း (Monitoring or Documentation) နှင့် စည်းရုံးလှုံ့ဆော်မှု (Advocacy) တို့ကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်မှာ အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ချိုးဖောက်နေသောအစိုးရကို အရေးယူဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာမှပါဝင်ပြီး နိုင်ငံတကာဥပဒေများဖြင့် ကိုင်တွယ်ဆောင်ရွက်သွားရန် အထူးလိုအပ်သည်။ ထို့အတွက် အစိုးရ၏ ချိုးဖောက်မှုများသည် မည်သည့်ဥပဒေနှင့် ငြိစွန်းနေသည်၊ မည့်သည့်နိုင်ငံတကာဥပဒေများကို ကိုင်တွယ်၍ မည်သည့်နေရာတွင် တိုင်ကြားနိုင်သည်အစရှိသည့် နိုင်ငံတကာလှုံ့ဆော်မှုများကို လုပ်ဆောင်နေရခြင်းဖြစ်သည်။ လူထုက လူ့အခွင့်အရေး ချိုးဖောက်မှုအကြောင်းများကို သိရှိပြီး၊ သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံရှိသော်လည်း နိုင်ငံတကာမှမသိရှိလျှင်လည်း ထိုအစိုးရကို မည်သို့မှအရေးယူဆောင်ရွက်၍ ရမည်မဟုတ်ပါ။

ထိုသုံးမျိုးတွင် တမျိုးစီအလိုက် ကျွမ်းကျင်မှုရှိရန်အတွက် လိုအပ်သည်များမှာ –

- ❖ ပညာပေးရေးလုပ်ငန်းအတွက် ပညာပေးနည်းလမ်းများ၊ စေ့စပ်ဆော်ဩသူကောင်းအရည်အချင်းများ လိုအပ်သည်။
- ❖ သတင်းအချက်အလက်စုဆောင်းရေးအတွက် တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာအတတ်ပညာကျွမ်းကျင်မှုများ လိုအပ်သည်။
- ❖ တိုက်တွန်းလှုံ့ဆော်ရန်အတွက် နိုင်ငံတကာစာချုပ်များ၊ ဥပဒေများအကြောင်း နားလည်ရန် လိုအပ်သည်။ ထို့အပြင် နအဖမှ မည်သည့်စာချုပ်များကို လက်မှတ်ရေးထိုးထားသည်၊ မည်သည့် အခွင့်ရေးများကို ချိုးဖောက်နေသည်၊ မည်သည်များကို ပြင်းထန်ဆိုးဝါးစွာ ချိုးဖောက်နေသည်များကိုပါ သိရှိထားရန် လိုအပ်သည်။

**လိုအပ်သော ပစ္စည်းကိရိယာများ**

ပြင်ဆင်ထားသော ဇယားကွက်များနှင့် စာရွက်များ၊
ဇာတ်လမ်းများ၊ (စောထူး၊ ဝါဝါ၊ သီတာတို့၏ ဇာတ်လမ်းများကို သင့်တော်သလိုပြောင်းလဲသုံးနိုင်သည်။)

**လေ့လာရန် –**

- Violation နှင့် Abuse အဓိပ္ပာယ်များ၊
- လူ့အခွင့်အရေးပညာပေးလုပ်ငန်း၊ အချက်အလက်စုဆောင်းခြင်း၊ နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်များ၏ အဓိပ္ပာယ်နှင့် အခန်းကဏ္ဍများ (လူအခွင့်အရေးလက်စွဲစာအုပ်၊ အခန်း ၄၊ ၁၀၊ ၁၁၊ ၁၂)

မှတ်ချက်

- အကြောင်းအရာသင်ခန်းစာ Case study နှစ်ခုလုပ်စရာမလိုဘဲ အစိုးရ၏ချိုးဖောက်မှုရော၊ အစိုးရမဟုတ် သူကချိုးဖောက်မှုပါ ပါဝင်သည့် အကြောင်းအရာ တခုထဲကိုလည်း ပေးနိုင်သည်။ ဥပမာကို အောက်တွင် ဖော်ပြထားပါသည်။

## သီတာရဲ့အဖြစ်အပျက်

အသက် (၁၅)နှစ်ရှိတဲ့သီတာဟာ တောင်ငူမြို့ရှိ ဆင်ခြင်ဖုံးရပ်ကွက်တခုမှာ မိသားစုနှင့်တကွနေထိုင်ပါတယ်။ မောင်နှမ (၅) ယောက်ထဲမှ ဒုတိယမြောက်သမီးဖြစ်တဲ့သီတာဟာ ပညာတပိုင်းတစနဲ့ကျောင်းကထွက်ပြီးမိသားစုကို အိမ်ဖော်အလုပ်လုပ်ပြီး ရတဲ့ငွေလေးနဲ့ထောက်ပံ့နေရပါတယ်။ သူမတို့ရဲ့အဖေက မျိုးရိုးစဉ်ဆက် လယ်ယာအလုပ်နဲ့သာ အသက်မွေးဝမ်းကျောင်းပြုတဲ့အတွက် တခြားဘာအလုပ်ကိုမှ မယ်မယ်ရရမလုပ်တတ်ပါဘူး။ လွန်ခဲ့တဲ့ (၂)နှစ်လောက်က မိသားစုစီးပွားရေးအကျပ်အတည်းကို မဖြေရှင်းနိုင်တော့တဲ့အတွက် နောက်ဆုံးလယ်ကို ရောင်းလိုက်ရပါတယ်။ မိမိပိုင်လယ်မြေမရှိတော့တဲ့နောက်ပိုင်း လယ်လုပ်ငန်းမှအပြင် တခြားအလုပ်မလုပ်တတ်တဲ့အတွက် လယ်ကူလီဘဝရောက်သွားရပါတယ်။ သူမ၏အမေက အစားအစာအာဟာရမပြည့်ဝမှု၊ သွေးအားနည်းပြီး ကျန်းမာရေးချို့တဲ့တဲ့အတွက် နောက်ဆုံးသားငယ်ကို မီးဖွားစဉ်အတွင်းဆုံးသွားကတည်းက မိသားစုစားဝတ်နေရေး အခြေအနေလည်း တဖြည်းဖြည်းယိုင်လဲလို့လာပါတယ်။ စီးပွားရေးကျပ်တည်းမှု၊ ပညာသင်စရိတ်ကြီးမားတဲ့အတွက် ပညာသင်ချိန်တန်နေတဲ့ ညီ၊ ညီမငယ်တယောက်ကိုမှ ကျောင်းမထားနိုင်ခဲ့ပါ။

အသက် (၁၆) နှစ်ကျော်ကျော်သာရှိသေးတဲ့ သီတာရဲ့အစ်ကိုလည်း ရထားဘူတာမှာကုန်တင်ကုန်ချအလုပ်လုပ်နေချိန်မှာဘဲ စစ်သားများက စစ်သားသစ်စုဆောင်းရန်အတွက် ဝင်ရောက်ဖမ်းစီးလိုက်တဲ့အချိန်ကစပြီး အခုထက်ထိ ဘယ်ရောက်၊ ဘယ်ပေါက်လို့ ဘာသတင်းမှမကြားရတော့ပါဘူး။ ဒါကြောင့် မောင်နှမထဲက အကြီးဆုံးဖြစ်တဲ့ သီတာက "အစ်မကြီးတော့ အမိရာ" ဆိုသလို မောင်ငယ်၊ ညီမငယ်တွေကို ပြုစုစောင့်ရှောက်ရတဲ့အပြင် အိမ်ဖော်အလုပ်ပါတဖက် မနားမနေ လုပ်ရပါတော့တယ်။ အိမ်ရှင်ကလည်း သူမအလုပ်လုပ်တာ သေသေသပ်သပ်မရှိဘူးလို့ဆိုပြီး သဘောမကျတိုင်း အမြဲတမ်းဆူပူကြိမ်းမောင်းနေပါတယ်။ တခါတလေအိမ်ရှင်မက သားသမီးချင်းကိုယ်ချင်းမစာ၊ နားမခံသာအောင် အော်ဟစ်ဆဲရေးတိုင်းထွာလုပ်တဲ့အပြင်၊ ၎င်းရဲ့ယောကျ်ားကလည်း အပျိုဖော်ဝင်စသီတာကို ထိကပါးရိကပါး လုပ်လေ့ရှိတယ်။ ၎င်းအလုပ်ကိုမလုပ်ချင်သော်လည်း တခြားမိသားစု ဝင်ငွေရတဲ့အလုပ်မရှိတဲ့အပြင် မောင်ငယ်၊ ညီမငယ်များကို ငဲ့ညှာသနားတဲ့အတွက် အောင့်အီးပြီးလုပ်နေရပါတယ်။ တခါတလေအိမ်ရှင်က အလုပ်ကောင်းကောင်း မလုပ်ဘူးဟုဆိုကာ မိသားစုအတွက်မလောက်မငှ လစာလေးကိုပင် လျော့လိုက်သေးတယ်။ သူမအတွက် အခြေအနေကြာလေ ပိုဆိုးလေဖြစ်တဲ့အတွက် သည်းညည်းမခံနိုင်တဲ့နောက်ဆုံး အလုပ်ကထွက်ဖို့ ဆုံးဖြတ်လိုက်ရပါတယ်။

အိမ်ဖော်အလုပ်ကထွက်ပြီး တပတ်အကြာလောက်မှာ ရပ်ကွက်ထဲက ဆွေမကင်းမျိုးမကင်းထဲက အဒေါ်တယောက်က သီတာတို့ရဲ့မိသားစု စီးပွားရေးကျပ်တည်းနေတဲ့အကြောင်း စိတ်မကောင်းစွာကြားရတဲ့အတွက် သတင်းမေးတဲ့အနေနဲ့ သူမတို့အိမ်ကို ရောက်လာပါတယ်။ တခါမှအလည်မလာဖူးတဲ့အဒေါ် လာလည်တဲ့အတွက် သူမအနေနဲ့ထွေထွေထူးထူးမခံစားရပေမဲ့ မောင်ငယ်၊ ညီမငယ်တွေကတော့ မုန့်ဖိုးရတဲ့အတွက် အလွန်ပျော်နေကြပါတယ်။ မိသားစုအတွက် ဘာဆက်လုပ်မလဲလို့ အဒေါ်ကသူမကိုမေးတော့ အခုထက်ထိဘာအလုပ်မှ မရတဲ့အတွက် ဘာဆက်လုပ်ရမှန်းမသိဘူးလို့ပြန်ဖြေလိုက်တယ်။ အဒေါ်က သီတာလက်ခံမယ်ဆိုရင် သက်တောင့်သက် သာဖြစ်မဲ့ဝင်ငွေကောင်းကောင်းရတဲ့အလုပ်ကို ရှာပေးမယ်လို့ပြောပြီးတော့ ဒီမြို့ထဲကအမျိုးသမီး တော်တော်များ များကို သူအလုပ်ရှာပေးတဲ့အတွက် ဝင်ငွေကောင်းကောင်းရနေပြီး သူတို့မိသားစုတွေကို ပံ့မှန်ထောက်ပံ့တဲ့အ တွက် တချို့ဆိုရင် တိုက်တွေ၊ ကားတွေနဲ့တောင်ဖြစ်နေပြီလို့ သီတာကို စိတ်ရှည်လက်ရှည်စွာနဲ့ ဆက်လက်ရှင်း ပြပါတယ်။

နောက်နှစ်ရက်အကြာမှာ သီတာတို့နေထိုင်ရာမြို့မှ အခြားနယ်မြို့တမြို့သို့ ၄င်းအဒေါ်နှင့်အတူ ကားနဲ့သွားပါတယ်။ ထိုနယ်မြို့မှာတညအိပ်ပြီး နောက်တနေ့နံနက်အစောကြီး သီတာနဲ့မတိမ်းမယိမ်း အခြားအမျိုးသမီးငယ် နှစ်ယောက်နှင့်အတူ နယ်စပ်မြို့တမြို့သို့ ထွက်ခွာသွားကြပါတယ်။ တောင်တက်လမ်း အတက်အဆင်းကြမ်းတမ်းတဲ့အတွက် ခရီးဝေးတခါမှမသွားဖူးတဲ့ သီတာအတွက် အလွန်ပင်ပမ်းလွန်းလှပါတယ်။ ဒါ့အပြင်လမ်းတလျှောက်လုံး (သုံးပေတဂိတ်နီးပါး) စစ်တပ်၊ ရဲ၊ လဝက၊ အကောက်ခွန်၊ မီးသတ်၊ ကြံ့ဖွံ့ အဖွဲ့ဝင်များရဲ့ စစ်ဆေးမေးမြန်းချက်များကို သူမတို့သုံးယောက်စလုံးအတွက် အဒေါ်ကြီးကဒိုင်ခံဖြေကြားပေးသလို မှတ်ပုံတင်တောင်းလာလျှင်လည်း အဒေါ်ကြီးကပဲ ပိုက်ဆံပေးလိုက်လို့ အဆင်ပြေသွားပါတယ်။ နယ်စပ်ရောက်တော့ ထိုင်းရဲကိုငွေပေးလိုက်ပြီး သူကမဲဆောက်အထိလိုက်ပို့ပေးပါတယ်။ မဲဆောက်ရောက်တော့ သူတို့ကိုဆိုင်တဆိုင်ခေါ်သွားပြီး အဒေါ်ကြီးကအခန်းတခန်းထဲမှာထားသွားပါတယ်။ သူ့ကိုနောက်ထပ်မတွေ့ရတော့ပါဘူး။ နောက်တနေ့ရောက်တော့ ထိုင်းဆိုင်ရှင် အမျိုးသမီးကြီးကအဝတ်အစားသစ်တွေဝတ်ခိုင်းပြီး တယောက်တခန်းစီခွဲထားပါတယ်။ သီတာအခန်းထဲမှာရှိနေတုန်း လူကြီးတယောက်ကဝင်လာပြီး သူမကိုစော်ကားပါတယ်။ ဒီတော့မှသူတို့တတွေ ရောင်းစားခံထိမှန်းသိလိုက်ရသလို၊ ဆိုင်ရှင်ကလည်း သီတာတို့တယောက်ကို နှစ်သောင်းနဲ့ဝယ်လိုက်တယ်လို့ပြောပြီး၊ ဒီငွေတွေကျေတဲ့အထိ လာတဲ့ဧည့်သည်တွေနဲ့အတူတူအိပ်ပေးရမယ်၊ ငွေတပြားမှလည်း မပေးဘူးလို့ပြောပါတယ်။ ထွက်ပြေးရင် သတ်ပစ်မယ်လို့လဲ ခြိမ်းခြောက်ပါတယ်။ အငယ်ဆုံးဖြစ်တဲ့ သီတာကိုလည်း ဧည့်သည်တွေကို ကောင်းကောင်း မဆက်ဆံလို့ဆိုပြီး ခဏခဏရိုက်တဲ့အပြင် တခါတလေ ထမင်းမကျွေးဘဲထားပါတယ်။ အပြင်မထွက်ရဘဲ အခန်းထဲမှာ အမြဲထည့်ထားပါတယ်။